UNITED NATIONS
HUMAN RIGHTS COUNCIL

# သတင်းထုတ်ပြန်ချက်

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်းက စစ်တပ်၏ စီးပွားရေးအဆက်အသွယ်များကို ဖော်ထုတ်ကာ၊ ပစ်မှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ နှင့် လက်နက်ရောင်းချမှုကို ပိတ်ဆို့ရန် တောင်းဆို။ ။

**(၂၀၁၉) ဩဂုတ်လ (၅)ရက်၊ ဂျနီဗာမြို့ ကုလသမဂ္ဂ။ ။** တနင်္လာနေ့တွင်၊ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်းက အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအား မြန်မာ့တပ်မတော်နှင့် ၎င်းမှ ထိန်းချုပ်၍ အားကိုးသော ကုမ္ပဏီကွန်ရက်ပေါင်းများစွာတို့နှင့် အဆက်အသွယ်ဖြတ်တောက်ရန် တိုက်တွန်းခဲ့သည်။ ပြည်တွင်းနှင့် ပြည်ပ စီးပွားရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေများက စစ်တပ်၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြစ်ဒဏ်ကင်းဝတ်စွာ ဆောင်ရွက်နိုင်စွမ်းကို သိသိသာသာ မြှင့်တင်ပေးလျက်ရှိသည် ဟု မစ်ရှင်းက ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ လေးနက်သော ရာဇဝတ်မှုများ အရာရောက်သည့်၊ တိုင်းရင်းသားအုပ်စုများအပေါ် ရက်ရက်စက်စက် စစ်ဆင်ရေးများကို မြန်မာ့စစ်တပ်က အရက်ဘက်အစိုးရ၏ ကြီးကြပ်မှုအောက်မှလွတ်၍၊ တာဝန်ခံမှုကိုလွှဲရှောင်ကာ ကျူးလွန်နိုင်ခဲ့သည်။ ဤကဲ့သို့ ကျူးလွန်ချက်များ လုပ်ဆောင်နိုင်ရန် မြန်မာ့စစ်တပ်က ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၊ ပြည်ပကုမ္ပဏီများနှင့် လက်နက်ရောင်းချမှုသဘောတူညီချက်တို့အား မည်သည့် ပမာဏအထိ အသုံးပြုခဲ့ကြောင်းကို အစီရင်ခံစာက ပထမဦးဆုံးအနေနှင့်၊ အသေးစိတ် အချက်အလက်များဖြင့်၊ အတည်ပြုခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့်  အဖွဲ့ဝင်နိုင်ငံများက တပ်မတော်ခေါ် စစ်တပ်မှ ထိန်းချုပ်လုပ်ရှားသောကုမ္ပဏီများအပေါ် ပစ်မှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ချက်ချင်း ချမှတ်သင့်သည်ဟု မစ်ရှင်းကဆိုသည်။ ပြည်တွင်းနှင့် ပြည်ပရှိ စားသုံးသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအား တပ်မတော်နှင့်ဆက်သွယ်မှု မရှိသော စီးပွားရေးလုပ်ငန်းများနှင့်သာ ဆက်ဆံရန်ကိုလည်း မစ်ရှင်းက တိုက်တွန်းခဲ့သည်။

(၂၀၁၆)မှ စ၍၊ မြန်မာနိုင်ငံသို့ တိုက်လေယာဉ်များ၊ သံချပ်ကာ တိုက်ယာဉ်များ၊ စစ်သင်္ဘောများ၊ ဒုံးများနှင့်ဒုံးလွှတ်အမြောက်များကို ပေးအပ်ခဲ့သော ပြည်ပနိုင်ငံ (၇)နိုင်ငံမှ နိုင်ငံခြားကုမ္ပဏီပေါင်း အနည်းဆုံး (၁၄)ခုရှိသည် ဟုဆိုကာ၊ မြန်မာနိုင်ငံအား လက်နက်ရောင်းချမှုကို ပိတ်ဆို့ရန်လည်း မစ်ရှင်းက တောင်းဆိုခဲ့သည်။ ရိုဟင်ဂျာ တိုင်းရင်းသားပေါင်း (၇)သိန်းကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အင်အားသုံးကာ ပြည်နှင်ထုတ်ခြင်းအပါအဝင်၊ ဤကာလအတွင်း၌ ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့ရှိ အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို  စစ်တပ်က ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျ ဆောင်ရွက်ခဲ့သည်။

"လက်ရှိအစီရင်ခံစာပါ အကြံပြုချက်တွေကို အကောင်အထည်ဖော်ခြင်းဖြင့်၊ စစ်တပ်ရဲ့စီးပွားရေး ရင်းမြစ်ကို တိုက်စားစေတယ်။ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို စစ်တပ်က ပိတ်ဆို့နိုင်ခြင်းကို အားနည်းလာစေတယ်။ စစ်တပ်ရဲ့စစ်ဆင်ရေးတွေကို ကြီးကြပ်မှု မရှိဘဲ လုပ်ဆောင်နိုင်ခြင်းကိုလည်း ထိခိုက်စေတယ်။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုကို လျော့ကျလာစေလိမ့်မယ်။ နောက်ပြီး ယာယီ တာဝန်ခံမှုစနစ်တစ်မျိုး အနေနဲ့လည်း သက်ရောက်စေတာပေါ့" ဟု မစ်ရှင်း၏ ဥက္ကဋ္ဌ မာဇူကီးဒါရူစမန်းက ဆိုသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းစုများအနက် သိရှိနားလည်ရန် အခက်ခဲဆုံးဖြစ်သော စစ်တပ် ထိပ်သီး ခေါင်းဆောင်များက ပိုင်ဆိုင်၊ ထိန်းချုပ်သည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့အား မစ်ရှင်း၏ အစီရင်ခံစာက ထုတ်ဖော်ခဲ့သည်။ ပိုင်ဆိုင်သူများကြားတွင် ဂျန်နိုဆိုက် (ခေါ်) မျိုးဖြုတ်ခြင်းပြစ်မှု၊ လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ နှင့် စစ်ရာဇဝတ်မှုများ အတွက် စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရန် လိုအပ်သည်ဟု မစ်ရှင်းမှ အရင်က ပြောကြားထားသူများဖြစ်သော၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ ပါဝင်သည်။

MEHL နှင့် MEC တို့က ဆောက်လုပ်ရေး နှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကအစ၊ ကုန်ထုတ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းစသည့် ကဏ္ဍမျိုးစုံတို့မှ အနည်းဆုံးအနေနှင့် စီးပွားရေးလုပ်ငန်းပေါင်း (၁၂၀)ကို ပိုင်ဆိုင်သည်။ ၎င်းတို့၏ လက်ခွဲလုပ်ငန်းပေါင်း အနည်းဆုံး (၂၆)ခုနှင့် အတူ၊ ထိုကုမ္ပဏီနှစ်ခုစလုံးက၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ကျောက်စိမ်းနှင့်ပတ္တမြား တူးဖော်ထုတ်ယူရေး လိုင်စင်များကို ရယူထားကြသည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင်၊ ချွေးတပ်ဆွဲခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ အပါအဝင်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုတို့ကို တပ်မတော်က ၎င်းတို့၏ စီးပွားရေးလုပ်ရှားမှုနှင့် ပတ်သက်၍ ကျူးလွန်ခဲ့ကြသည်။

"မြန်မာနိုင်ငံ မြောက်ပိုင်း၊ ကျောက်စိမ်းနဲ့ပတ္တမြား တူးဖော်ထုတ်ယူရေးလုပ်ငန်းတွေမှာပါတဲ့ တပ်မတော်ရဲ့ ပတ်သက်မှု အတိုင်းအတာကြောင့်၊ စီးပွားရေးလုပ်ငန်းတွေနဲ့ စားသုံးသူတွေက၊ လူ့အခွင့်အရေး လုံ့လဝီရိယ သုံးသပ်ချက်ကို အရှိန်မြှင့်ပြီး ဆောင်ရွက်သင့်တယ်။ မိမိတို့က ရောင်းဝယ်၊ ကုန်သွယ်၊ ဒါမှမဟုတ် အသုံးပြုနေတဲ့ ကျောက်မျက်ရတနာတွေက ဒီလိုမျိုး တပ်မတော် စီးပွားရေးလုပ်ငန်းစုတွေက ထုတ်လုပ်၊ ရောင်းချတာတွေ မဟုတ်ကြောင်း သေချာစေဖို့ပါ" ဟု မစ်ရှင်း၏ ကျွမ်းကျင်ပညာရှင် ရဒီကာကူမရာဆွာမိက ဆိုသည်။

တိုင်းရင်းသားအုပ်စုများ၏ လူ့အခွင့်အရေးများကို မြန်မာ့စစ်တပ်က ရက်ရက်စက်စက် ချိုးဖောက်ခဲ့ပုံများကို မှတ်တမ်းတင်ပြီးနောက်၊ မစ်ရှင်း၏ ကျွမ်းကျင်ပညာရှင်များက ယမန်နှစ်က ပြုလုပ်ခဲ့သော အကြံပြုချက်များမှတဆင့်၊ လက်ရှိ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ (၂၀၁၈)ထုတ်

အစီရင်ခံစာက၊ (၂၀၁၇)ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်တွင် စတင်ခဲ့သော၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာတို့အပေါ် စစ်တပ်က ပြုလုပ်ခဲ့သည့် "ရှင်းလင်းစစ်ဆင်ရေးများ"အပေါ် အထူးဂရုစိုက်ခဲ့သည်။ ၎င်းရှင်းလင်းစစ်ဆင်ရေးတွင်၊ လုံခြုံရေးတပ်ဖွဲ့များက ထောင်ပေါင်းများစွာသော ရိုဟင်ဂျာအရပ်သားများကို သတ်ဖြတ်၍၊ အမျိုးသမီးများနှင့် မိန်းကလေးများကို မုဒိမ်းကျင့်ပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကာ၊ ၎င်းတို့၏ ကျေးရွာများကို ပြာကျသည်အထိ မီးတင်ရှို့ခဲ့ကြသည်။

တနင်္လာနေ့တွင်၊ ဂျနီဗာမြို့၌ ထုတ်ဝေခဲ့သည့်၊ စာမျက်နှာ (၁၁၁) မျက်နှာရှည်သော အစီရင်ခံစာတွင် တပ်မတော် နှင့် ၎င်း၏စစ်ဆင်ရေးများအား ထောက်ပံ့နေသော၊ သို့မဟုတ် ၎င်းတို့ထံမှ အမြတ်ထုတ်နေသော၊ စစ်တပ်စီးပွားရေးလုပ်ငန်းများ နှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများအား နောက်ဆက်တွဲစာရင်း (၅)ခု မှတဆင့် တင်ပြခဲ့သည်။

၎င်းတို့က ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် မြန်မာအာဏာပိုင်များအား တာဝန်ခံမှုရှိစေရန် လိုအပ်သည်မှာ ရှင်းလင်းထင်ရှားသော်လည်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး လေးစားမှုရှိစေရန် လိုအပ်သော စီးပွားရေးလုပ်ငန်းများ၏ တာဝန်ဝတ္တရားကိုလည်း တိကျသော လုပ်ဆောင်ချက်များဖြင့် အကောင်အထည်ဖော်ရမည်ဟု အစီရင်ခံစာက အလေးပေး ပြောကြားခဲ့သည်။

(၂၀၁၇) ရှင်းလင်းစစ်ဆင်ရေးများ ရခိုင်ပြည်နယ်တွင် စတင်ပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင်၊ မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် အဖွဲ့အစည်းပေါင်း (၄၅)ခုက စစ်တပ်အား ဒေါ်လာ (၁၀)သန်းကျော်တန် အလှူငွေများ ပေးအပ်ခဲ့ကြောင်းကို အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည်။ နောက်ပိုင်း၌၊ တပ်မတော်နှင့် အနီးကပ်ဆက်ဆံမှုရှိသော "ခရိုနီကုမ္ပဏီများ"ဟု လူသိများသည့် စီးပွားရေးများက၊ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာတို့ ဇာတိခံခဲ့ကြောင်း သက်သေခံလက္ခဏာတို့ ပျောက်ပျက်စေရန်၊ ထိုဒေသကို ပုံစံအသစ်ဖော်ရန် ရည်မှန်းသော စစ်တပ်၏ ဆန္ဒအား ဖြည့်ဆည်းပေးသည့် အနေနှင့်၊ ရခိုင်ပြည်နယ်ရှိ ဖွံ့ဖြိုးရေးစီမံကိန်းများကို ငွေကြေးထောက်ပံ့ခဲ့ကြသည်။

"အဲဒီ့ကုမ္ပဏီအရာရှိတွေက လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်တဲ့ ရာဇဝတ်မှုတွေ အပါအဝင်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှု ကျူးလွန်မှုကို သိသိသာသာနဲ့ တိုက်ရိုက် ထောက်ပံ့ခဲ့တာဖြစ်လို့၊ သူတို့တွေကို ရာဇဝတ်မှုအတွက် တရားစွဲဆိုနိုင်ဖို့ စုံးစမ်းစစ်ဆေးသင့်တယ်" ဟု မစ်ရှင်း၏ ကျွမ်းကျင်ပညာရှင် ခရစ်စီဒိုတီ ကဆိုသည်။

မြန်မာ့-ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်တွင် ခြံစည်းရိုးကာရန်၊ ငွေကြေးထောက်ပံ့ခဲ့သော ကုမ္ပဏီနှစ်ခုဖြစ်သည့် ကမ္ဘောဇအုပ်စု (KBZ) နှင့် မက်စ်မြန်မာ (Max Myanmar) တို့အား အစီရင်ခံစာက အမည်တပ်ခဲ့သည်။ ထိုနယ်စပ်ခြံစည်းရိုးကာခြင်းဖြင့်၊ အိုးအိမ်မဲ့ ရိုဟင်ဂျာ ပြည်သူလူထုအား ၎င်းတို့၏ နေအိမ်နှင့် ဇာတိမြေထံသို့ ပြန်မလာနိုင်စေရန် တားဆီးခြင်းမှတဆင့်၊ ၎င်းတို့အား ပူပန်သောကနှင့် စိတ်ဆင်းရဲမှု ဆက်လက်ခံစားရစေရန် ပံ့ပိုးခဲ့ရာ ရောက်သည်။

ပြည်ပကုမ္ပဏီပေါင်း အနည်းဆုံး (၁၅)ခုက တပ်မတော်နှင့် ဖက်စပ်လုပ်ငန်းများရှိပြီး၊ နောက်ထပ်ပြည်ပကုမ္ပဏီပေါင်း(၄၄)ခုက တပ်မတော်နှင့် တခြားသော စီးပွားရေးဆက်ဆံမှုများရှိကြောင်း အစီရင်ခံစာက တွေ့ရှိခဲ့သည်။ ထိုပြည်ပစီးပွားရေးကုမ္ပဏီများက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေတို့အား ချိုးဖောက်မှုတို့အပေါ် ပံ့ပိုးဖြည့်ဆည်းပေးသူ၊ သို့မဟုတ် ထိုပြစ်မှုတို့နှင့် ဆက်နွယ်သူအဖြစ် အသတ်မှတ်ခံရနိုင်ချေများသည်။ အနည်းဆုံးအနေနှင့် ၎င်းတို့က တပ်မတော်အား ငွေရေးကြေးရေး ထောက်ပံ့ပေးရာ ရောက်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေသော၊ သို့မဟုတ် မြန်မာနိုင်ငံမှ ထွက်ကုန်များကို ရောင်းဝယ်သုံးစွဲနေသော ကုမ္ပဏီများအားလုံးက မိမိတို့က တပ်မတော်အား အကျိုးပြုထောက်ပံ့နေခြင်း မရှိကြောင်း သေချာစေရန်၊ လူ့အခွင့်အရေး လုံ့လဝီရိယ သုံးသပ်ချက်ကို အရှိန်မြှင့် ဆောင်ရွက်သင့်သည်။

"အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက မြန်မာ့ လူ့အခွင့်အရေး ပဋိပက္ခကို ပိုမို ပြည့်ပြည့်စုံစုံ နားလည်နိုင်စေဖို့၊ လက်ရှိ စုံစမ်းစစ်ဆေးချက်မှာပါတဲ့ မစ်ရှင်းရဲ့ တွေ့ရှိချက်တွေက ဖော်ပြပေးထားပါတယ်။ ဒီကတဆင့်၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီက တာဝန်ခံမှုရှိစေဖို့၊ တရားမျှတမှုရှိစေဖို့နဲ့ မြန်မာပြည်တွင်း လူ့အခွင့်အရေးပဋိပက္ခကို ရပ်ဆိုင်းနိုင်စေဖို့ ဘက်ပေါင်းစုံ ပါဝင်တဲ့ ညှိနှိုင်းဆောင်ရွက်မှုတို့ကို ဆောင်ရွက်လိုပါစေ" ဟု မစ်ရှင်း၏ ကျွမ်းကျင်ပညာရှင် ရဒီကာကူမရာဆွာမိ ကဆိုသည်။

"အဲဒီ့စစ်တပ်လုပ်ငန်းတွေက ရတဲ့ဝင်ငွေက အရပ်ဘက်အစိုးရရဲ့ကြီးကြပ်မှုအောက်ကလွတ်တဲ့ တပ်မတော်ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာကို ပိုမို ခိုင်မြဲစေတယ်။ သူတို့တွေက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်လျက်ရှိတဲ့ တပ်မတော်ရဲ့ စစ်ဆင်ရေးတွေအတွက် ငွေရေးကြေးရေး ထောက်ပံ့ပေးနေဆဲဖြစ်တယ်" ဟု မစ်ရှင်း၏ ကျွမ်းကျင်ပညာရှင် ခရစ္စတိုဖာ စီဒိုတီ ကဆိုသည်။ .

"တပ်မတော်ကို မြန်မာ့စီးပွားရေးဘဝက ဖယ်ရှားရန် လုပ်ရပ်နှစ်ရပ်ကို ပြိုင်တူ လုပ်ဆောင်ရမယ်" ဟု မစ်ရှင်း၏ ဥက္ကဋ္ဌ မာဇူကီးဒါရူစမန်းက ဆိုသည်။ တပ်မတော်ကို စီးပွားရေး အထီးကျန်ဖြစ်စေရန် လုပ်ဆောင်သည့်အပြင်၊ မြန်မာနိုင်ငံရှိ တပ်မတော်မဟုတ်သော ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးအဆက်အသွယ်များကို မြှင့်တင်ပေးရမည်။ ဤသို့ ဆောင်ရွက်ခြင်းမှတဆင့်၊ ပြည်သူလူထုအားလုံးအပေါ် တာဝန်ခံမှု၊ သာတူညီမျှမှု နှင့် ပွင့်လင်းမြင်သာမှု ထွန်းကားစေသည့် သဘောဖြင့်၊ သဘာဝသယံဇာတ ကဏ္ဍအပါအဝင်၊ မြန်မာနိုင်ငံ စီးပွားရေးအား ဆက်လက် လွတ်လပ်မှု နှင့် ကြီးထွားမှုရှိစေရန် မြေတောင်မြှောက်ပေးနိုင်သည်။

(၂၀၁၉) စက်တင်ဘာလတွင်၊ အချက်အလက်ရှာဖွေရေး မစ်ရှင်းက ၎င်းတို့၏ အပြီးသတ်အစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်ပြမည်ဖြစ်သည်။

မြန်မာ့ တပ်မတော်၏ စီးပွားရေးအကျိုးစီးပွားများ **အစီရင်ခံစာ အပြည့်အစုံ၊** ၎င်း၏ နောက်ဆက်တွဲများ၊ ထောက်ကူပစ္စည်းများ နှင့် မြန်မာဘာသာ၊ ဂျိန်းဖောဘာသာ (မကြာမီလာမည်) နှင့် ရိုဟင်ဂျာဘာသာတို့ဖြင့် ဘာသာပြန် ထားသော အစီရင်ခံစာ အကျဉ်းချုပ်တို့အား အောက်ပါအတိုင်း ရယူလေ့လာနိုင်သည်။
https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/EconomicInterestsMyanmarMilitary.aspx

**နိဂုံးချုပ်။ ။**

(၂၀၁၇)ခုနှစ်၊ မတ်လ (၂၄)ရက်နေ့တွင်၊ လူ့အခွင့်အရေးကောင်စီက၊ ဆုံးဖြတ်ချက် အစီရင်ခံစာ (၃၄/၂၂) မှ တဆင့်၊ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်းကို အရေးပေါ် တည်ထောင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ၎င်းကို လူ့အခွင့်အရေးကောင်စီ၏ သမ္မတမှူးကြီးက ရွေးချယ်ခန့်အပ်ရန် ဖြစ်ပြီး၊ မြန်မာနိုင်ငံ၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း၊ မကြာသေးမီ အချိန်၌ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များ၊ အလွဲသုံးစားပြုမှုများ စသည်တို့နှင့် ပတ်သက်သည့် အချက်အလက်၊ အခြေအနေများကို အတည်ပြုရန် လုပ်ပိုင်ခွင့်ပေးအပ်ခဲ့သည်။ ချိုးဖောက်မှုများတွင် တရားမဲ့ထိန်းသိမ်းခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် လူသူမဆန် ပြုမူဆက်ဆံခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် တခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ တရားမဝင် လူသတ်ဖြတ်ခြင်း၊ အစဖျောက်ခြင်း၊ အင်အားသုံး၍ နယ်မြေမှ ဖယ်ရှားခြင်းနှင့်  တရားလက်လွတ် ပစ္စည်း ဥစ္စာများအား ဖျက်ဆီးခြင်း တို့ ပါဝင်ပြီး၊ ပြစ်မှုကျူးလွန်သူတို့အား တာဝန်ခံမှုအပြည့်အဝရှိစေပြီး၊ ခံရသူများ တရားမျှတမှုရှိစေရန် ရည်ရွယ်ကာ၊ မစ်ရှင်းကို တည်ထောင်ခဲ့သည်။

**ကျွမ်းကျင်ပညာရှင်များ။ ။**

ရှေ့နေနှင့် လူ့အခွင့်အရေး လှုံ့ဆော်သူ၊ အင်ဒိုနီးရှားနိုင်ငံသား၊ ရှေ့နေချုပ်ဟောင်း မာဇူကီး ဒါရူစမန်းက အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ ဥက္ကဋ္ဌဖြစ်သည်။  အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ နောက် အဖွဲ့ဝင်နှစ်ဦးမှာ ရှေ့နေဖြစ်သူ၊ ကုလသမဂ္ဂ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဆိုင်ရာ အထူး ကိုယ်စားလှယ်ဟောင်းနှင့် ကုလသမဂ္ဂ ကလေးများနှင့် လက်နက်ကိုင်တိုက်ပွဲဆိုင်ရာ အထူးကိုယ်စားလှယ် ဟောင်း ရဒီကာကူမရာဆွာမိနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးရှေ့နေနှင့် ဩစတြေးလျနိုင်ငံသား လူ့အခွင့်အရေးမင်းကြီးဟောင်း ခရစ္စတိုဖာစီဒိုတီတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ ဝက်ဘ်ဆိုက်
https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/Index.aspx

**ဆက်လက်သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။**

ဂျကာတာမြို့ သို့မဟုတ် ဘန်ကောက်မြို့တွင် တော့ဒ်ပစ်မန်း (Todd Pitman)။ ။
လက်ကိုင်ဖုန်း (+၆၆) ၆၃ ၂၁၆ ၉၀၈၀ (သို့) todd.pitman@un.org သို့မဟုတ်၊
ဂျနီဗာမြို့တွင် ရိုလန်ဒိုဂိုမဲ့စ် (Rolando Gómez)။ ။
လက်ကိုင်ဖုန်း (+၄၁) ၂၂ ၉၁၇ ၄၄၁၁ (သို့) (+၄၁) ၇၉ ၄၇၇ ၄၄၁၁ (သို့) rgomez@ohchr.org